မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ စိန်ကမ္ဘာချည်မျှင်စက်ရုံတွင် အလုပ်သမားများသည် ဥပဒေအရ အခြေခံလုပ်ခလစာ တစ်ရက်လျှင် (၃၆၀၀) ကျပ်ကို မရရှိခြင်း၊ လုပ်ငန်းခွင်အတွင်း အလုပ်ရှင်သည် အလုပ်သမားများရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များကို ထိန်းချုပ်ထားခြင်းကြောင့် အလုပ်ရှင်အား ဆန္ဒပြတောင်းဆို မည့် ကိစ္စအား MICF(TUsF) အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်သူ၊ (AFFM-IUF) ဦးဇာနည်သွေး၊ MICF(TUsF) ဦးသက်နှင်းအောင်၊ MICFဦးဝင်းဇော်ထွန်းတို့အား ၂၀၁၅ခုနှစ် ဒီဇင်ဘာလ (၁၁)ရက်နေ့တွင် တင်ပြတောင်းဆိုထားသည်။

**တောင်းဆိုမည့်အချက်များ**

(၁) အလုပ်ရှင်သည် မည်သည့်အပြစ်မှ မရှိဘဲ ဒေါ်နှင်းဝေခိုင်အားအလုပ်မှ ထုတ်ပယ်ခြင်းတွင် အလုပ်ပြန်လည်ခန့်ထားရေး

(၂) အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ EC စာချုပ်အားချုပ်ဆိုရေး

(၃)ဝန်ထမ်းများအားအပြစ်ပေးရာတွင် အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ ဆောင်ရွက်စေရေး

(၄) အငေးသင်ကျောင်းသားများအား မူလသတ်မှတ်ထားသည့်အတိုင်း ၄င်းတို့ မူလလစာနှင့် နှစ်တိုးခံစားခွင့် များ ပြန်လည်ရရှိရေး

(၅) EC စာချုပ်ချုပ်ဆိုရာတွင် အလုပ်သမား၏ ကျွမ်းကျင်မှုအလိုက် ကျွမ်းကျင်ကြေးလုပ်အားခကို (A)အဆင့် (၄၀၀၀၀)ကျပ် (B) အဆင့် (၃၀၀၀၀)ကျပ် (C) အဆင့် (၂၀၀၀၀) အား သတ်မှတ်ပေးရေး

(၆)ဦးနန်းထိုက်အောင်အား အလုပ်ပြန်လည်လုပ်ကိုင်စေရေး

စသည်ဖြင့် တောင်းဆိုသွားမည်ဖြစ်သည်။